# နေပြည်တော် အမျိုးသားလွှတ်တော်ရုံးသို့
# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမ ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ( ၁ )ရက်၊ တနင်္လာနေ့ နံနက် (၁၀) နာရီအချိန်တွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါ အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ထံသို့ ပေးပို့ထားပါသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ရန်ဖြစ်ပါသဖြင့် **၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်နှင့် (၂၄) ရက်များတွင်** နေပြည်တော်သို့ ကြိုတင် ရောက်ရှိရမည်ဖြစ်ပါသည်။

ထိုအစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် အစည်းအဝေးဖိတ်စာ လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် I –19 (အိုင် - ၁၉)သို့ **၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ( ၃၀ )ရက်ထက်မစောေ ( ၃၁ )ရက်ထက် နောက်မကျစေဘဲ** သတင်းပို့ကြရန်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ယူဆောင်လာကြရန် ပန်ကြားအပ်ပါသည်။